# ပြည်သူလူထု၏ ခုခံ၊တော်လှန်စစ် ကြေညာခြင်းအပေါ် ကြေညာချက်ထုတ်ပြန်ခြင်း

နေ့စွဲ။ ၈၊ စက်တင်ဘာ ၂၀၂၁

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ NUG သည် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်အုပ်စုအား တန်ပြန်တော်လှန် ခုခံစစ်ဆင်နွှဲရန် ကြေညာရခြင်းသည် ကံမကောင်းအကြောင်းမလှသည့် ဖြစ်ရပ်ဖြစ်သည်ဟု ဆင်ခြင်မိသည့် အားလျော်စွာပင်၊ တစ်ဖက်တွင်လည်း နိုင်ငံတစ်ကာအသိုင်းအဝိုင်း မှ ကူညီရန်နှင့် အရေးယူရန် ပျက်ကွက်မှုကြောင့် လွန်ခဲ့သော ၇ လအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများကိုလည်း ပြည်သူလူထုမှ မခံမရပ်နိုင်ဖြစ်ရခြင်းအပေါ် နားလည်ပါသည်။

"အကြမ်းဖက်ခြင်းက မြန်မာပြည်သူလူထုခံစားနေရတဲ့ ဆင်းရဲဒုက္ခ ကနေ ပေါက်ဖွားလာတဲ့ အကျိုးဆက်ဖြစ်ပါတယ်၊ အကြမ်းဖက်မှုက အဖြေတော့မဟုတ်ပါဘူး၊ ကျွန်တော့်အနေဖြင့် NUG အပေါ် စာနာမှု ကရုဏာရှိသော်လည်း ယခုဆုံးဖြတ်ချက်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များအပေါ် ထိတ်လန့်မိပါသည်" ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ အဖွဲ့ဝင် Chris Sidoti မှ ပြောကြားခဲ့ပါသည်။

အကြင်နာတရားကင်းမဲ့ပြီး၊ အလိုရမက်ကြီးသော စစ်အုပ်စုအနေဖြင့် ၎င်းတို့တရားမဝင် စစ်အာဏာသိမ်းမှုကို စတင်ခဲ့သည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ပြီး လူတစ်ထောင်ကျော်အား သတ်ဖြတ်ခဲ့ပါသည်။ ပြည်သူလူထုအပေါ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး လူပေါင်း ၃ သိန်းကျော်မှ ၎င်းတို့၏ နေရပ်အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရပါသည်။ ထိုမျှမကပဲ စစ်အုပ်စုမှ ကိုဗစ်-၁၉ ကပ်ရောဂါ ပျံ့နှံ့ဖြစ်ပွားမှုကို လက်နက်သဖွယ်အသုံးချခဲ့ပြီး လိုအပ်နေသော ပြည်သူလူထုထံ အောက်ဆီဂျင်နှင့် ဆေးဝါးများ မရောက်ရှိစေရေး ပိတ်ပင်ခဲ့ခြင်းများကို ပြုလုပ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအား ပိုမိုကြီးမားလာအောင် ပြုလုပ်ခဲ့ကြသည်။

"စစ်အာဏာသိမ်းမှုအပေါ် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသူတွေအပေါ်မှာ စစ်အုပ်စုက ရက်ရက်စက်စက်ကို အကြမ်းဖက်ဖြိုခွင်းခဲ့တာပါ၊ လူသားမျိုးနွယ်စုတစ်ခုလုံးအပေါ်မှာ စစ်ရာဇဝတ်မှုမြောက်တဲ့

အလွန်ကြမ်းကြုတ်တဲ့ နည်းလမ်းတွေကို အသုံးပြုခဲ့ကြပါတယ်။ လူပေါင်းများစွာဟာ ပြည်သူလူထုရဲ့ ဒုက္ခဝေဒနာတွေကို စိတ်မဝင်စား၊ မသက်ညှာတဲ့၊ ဘယ်လိုမှလည်း ညှိနှိုင်းလို့မရတဲ့၊ စစ်အုပ်စုရဲ့ တိုက်ခိုက်မှုတွေ ခံလာရတာ ၇ လကျော် ကြာမြင့်ခဲ့ပါပြီ” ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ အဖွဲ့ဝင် Yanghee Lee မှ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ ကိုယ်စားပြုသည့် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှုတွင် NUG အနေဖြင့် စစ်အုပ်စုကြောင့် ဖြစ်ပေါ်လာရသည့် လိုအပ်ချက်ဟာကွက်များအား ဖြည့်ဆည်းပေးရန် ကြိုးပမ်းလျက်ရှိကြသည်။ ယခု ဒီမိုကရေစီအရေးလှုပ်ရှားမှုတွင် နိုင်ငံနှင့်အဝှမ်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (EAOs) များလည်း ပါဝင်သည်။

မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ NUG အနေဖြင့် PDF များအား အရပ်အားပြည်သူလူထုအပေါ် ကာကွယ်ပေးရေးသည် ပထမဦးစားပေးလုပ်ငန်းစဥ်ဖြစ်သည်ဆိုသည့် စစ်ရေးအရလိုက်နာရမည့် ကျင့်ဝတ်ကိုလည်း ပြဌာန်းထားပြီးသားဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ NUG အနေဖြင့် Rome Statute နှင့်အညီ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်များအပါအဝင် လိုအပ်သည့် မည်သူကိုမဆို နိုင်ငံတစ်ကာရာဇဝတ်ခုံရုံး၏ စီရင်မှုကို ခံယူရန်ဆိုသည့် နိုင်ငံတစ်ကာရာဇဝတ်ခုံရုံး၏ အဆုံးအဖြတ်ကို ဇူလိုင်လတွင် လက်ခံပြီးဖြစ်ပါသည်။

နိုင်ငံတစ်ကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာပြည်သူလူထု၏ လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးနိုင်သည့် အခွင့်အလမ်းများ မြောက်များစွာရှိခဲ့သော်လည်း အကြိမ်ကြိမ်အခါခါ ကျရှုံးခဲ့ကြသည်။ ASEAN အနေဖြင့် ၎င်းတို့၏ အထူးကိုယ်စားလှယ်ကို ရွေးချယ်စေလွှတ်ရန်ပင် ၆ လအထိ ကြာမြင့်ခဲ့ပြီး ဧပြီလတွင် ကတိပေးခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန်ကိုပင် ယခုထိ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။

“ဘယ်လိုမှ လက်ခံနိုင်ဖွယ်ရာမရှိတဲ့ လုပ်ရပ်တွေကို ခြောက်လလောက်လုပ်ပြီးမှ ASEAN အနေနဲ့ သူတို့ရဲ့ အထူးကိုယ်စားလှယ်ကို စေလွှတ်တယ်။ ပြီးတော့လည်း သင့်တင့်လျောက်ပတ်မှုမရှိတဲ့ အပစ်အခတ်ရပ်စဲရေးဆိုတာကို ဒီအပတ်ထဲမှာမှ ကြေညာတယ်၊ တကယ်ဆို သဘောတူညီမှု အချက်ငါးချက်ထဲ ပါတဲ့အတိုင်း အကြမ်းဖက်မှုတွေကို ချက်ချင်းရပ်တန့်သွားအောင်ပဲ ဆောင်ရွက်ခဲ့ရမှာ၊

အပစ်အခတ်ရပ်စဲရေးကိစ္စက ခုဖြစ်နေတဲ့ အခြေအနေတွေအပေါ် ဘာမှ ထင်ဟပ်မှုမရှိစေသလို ဒီကိစ္စက တပ်မတော်အလိုကျ၊ သူတို့အကျိုးစီးပွားကို လုံးဝဥဿုံဖြစ်စေတဲ့ ကိစ္စပဲ၊ တပ်မတော်က သူတို့ရဲ့ မဟာဗျူဟာမြောက် အကျိုးကျေးဇူးတွေပြည့်ဖို့ အပစ်အခတ်ရပ်စဲရေးဆိုတာကို အသုံးချခဲ့တာချည်းပဲ” ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ အဖွဲ့ဝင် Marzuki Darusman မှ ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ NUG ၏ ကြေညာချက်သည် စစ်အုပ်စု၏ မတရားညှင်းပန်း အနိုင်ကျင့် ရက်စက်မှုများအား နိုင်ငံတစ်ကာ၏ အကူအညီအထောက်အပံ့မရပဲ ၇ လကြာ နေထိုင်နေခဲ့ကြရသည့် ပြည်သူလူထု၏ ဝေဒနာအား ထင်ဟပ်လျက်ရှိပါသည်။ လာမည့်ရက်သတ္တပတ်အတွင်း ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကျင်းပသည့်အခါတွင် နိုင်ငံတစ်ကာအသိုင်းအဝိုင်း အနေဖြင့် မြန်မာပြည်သူလူထုအား ကူညီရန်အတွက် အခွင့်အရေး နောက်တစ်ကြိမ် ထပ်မံရရှိမည်ဖြစ်ပါသည်။

**မြန်မာဘာသာဖြင့် ထုတ်ပြန်ကြေညာချက်အား အောက်တွင်ဖတ်ရှုနိုင်ပါသည်။**